

www.dhammaransi.com

# သူတော်ကောင်းတို့ စိတ်ထား(၂)

ပုတက်မှ တင်ဆက်သည်


ပန်းချီ - မင်းနိုင်၊ ဇာတ်ညွှန်း - ကျော်ဆန်း၊ ဝေသာ





သာဝတ္ထိမြို့၏ နံနက်ခင်း ..
ဈေးရောင်း ဈေးဝယ်သူတို့နှင့် ရှုပ်ထွေးနေသော လမ်းထောင့် တစ်နေရာ၌.. ပုဏ္ဏားတစ်ယောက် ထိုင်နေ၏ ..
Putet Comics
တစ်စုံ တစ်ယောက်ကို မျှော်နေပုံလည်း ရသည်.. ထလိုက် ထိုင်လိုက်ဖြင့် စိတ်မငြိမ်မသက် ဖြစ်နေပုံ ရှိ၏ ..
ထိုနေရာ၌ အချိန် ကြာမြင့်စွာ ထိုင်နေရ၏... မနေ့က စကားဝိုင်း တစ်ခုမှ စကားတို့ကို ပြန်၍ ကြားယောင်လာလေ၏ ..

www.dhammaransi.com







Putet Comics



သူ့ကို စိတ်ဆိုးအောင် လုပ် ရင်တော့.. ဒေါသ ထွက် လာမှာပါ..
ပုဏ္ဏား.. အရှင်သာရိပုတ္တရာ ဒေါသထွက်မယ် ဆိုတာ မဖြစ်နိုင်ပါဘူး..
မယုံရင် စောင့်ကြည့်လေ.. ဒေါသ ထွက်အောင်လုပ် ပြမယ်..
ထိုပုဏ္ဏားသည် မိစ္ဆာဒိဋ္ဌိ အယူရှိသူ ဖြစ်ပြီ..ဂေါတမ ဘုရား၏ သားတပည့် သံဃာများကို ကြည့်မရ သူလည်း ဖြစ်၏.. ထို ပုဏ္ဏားမှာ..ဈေးတောင့်မှာ ထိုင်ရင်း..အကြံဖြစ်လာလည်း ပွစိပွစိ လုပ်နေချေပြီ၏..
ဟင်း ဟင်း.. မဖြစ်နိုင်တာကို ပြော တဲ့ သူတွေ..လူဆိုတာ ကိုယ့်ကို ထိပါး စော်ကားလာရင်တော့ ဒေါသတော့ ထွက်မှာပဲ..
၄



မကြာမီ.. ပုဏ္ဏား စောင့်မျှော်နေသော အရှင်သာရိပုတ္တရာသည် တည်ငြိမ်သော ခြေလှမ်းများဖြင့် ဆွမ်းခံကြွချီလာသည်ကို တွေ့လိုက်ရ၏ ..
ပုဏ္ဏားလည်း ထိုင်ရာမှ ဖျတ်ခနဲ ထ၏ ..
တွေ့ကြ ပြီပေါ့ ကိုယ်တော် ရယ်..
ထို့နောက်.. ပုဏ္ဏားသည် မပြောမဆိုဖြင့် ရှင်သာရိပုတ္တရာ၏ နောက်ကျောပြင်အား အရှိန် ပြင်းစွာ ရိုက်ချလိုက်ချေသည် ..
Puket Comics
အရှင်သာရိပုတ္တရာ နောက်သို့ ပြေးလိုက် သွားလေ၏ ..

www.dhammaransi.com





www.dhammaransi.com





အရှင်ဘုရား.. တပည့်တော် အပြစ်တွေ ကို သည်းခံ ခွင့်လွှတ်ပေး ပါဘုရား ..
အို..ပုဏ္ဏား.. ဘာကိစ္စပါလိမ့်..ငါက ဘာကို ခွင့်လွှတ်ရမှာ လဲ..
အရှင်ဘုရား.. လူတွေက အရှင်ဘုရား ဒေါသ မထွက်တတ်..သည်းခံ တတ်တယ်လို့ ပြောကြတာကြောင့် ဟုတ်မဟုတ် တပည့်တော် စမ်းသပ်တာကြောင့်..ကျောကုန်းကို ပြစ်မှား မိတာပါ အရှင်ဘုရား..
အရှင်သာရိပုတ္တရာက တည်ငြိမ်သော လေသံဖြင့် ..
Putet Comics
အို ပုဏ္ဏား.. ကိစ္စ မရှိပါဘူး..ငါ ခွင့်လွှတ်ပါတယ်..


www.dhammaransi.com





ဗြော်.. ကျုပ်က လိမ်ညာမှာလား.. ကျုပ်တို့ ရှေ့မှာပင် ပုဏ္ဏားတစ်ယောက်က အရှင်သာရိပုတ္တရာရဲ့ ကျောပြင် ကို ဟောဒီလို ရိုက်တာ..
အခု ပုဏ္ဏား ဘယ်ရောက် သွားလဲ..
ပုဏ္ဏားက မထေရ်ကို သူ့အိမ် ခေါ် သွားတာ တွေ့တယ်..
ဒီလို ဒီပုဏ္ဏားကို အသေ သတ်မယ်..
Putet Comics
လူအုပ်ကြီးက.. တုတ်.. ဓား.. လက်နက်များ ဆွဲကိုင်ကာ ပုဏ္ဏား၏ အိမ်သို့ သွားကြလေသည်။
မကြာမီ.. ဒေါသထွက်နေသော လူအုပ် ကြီးက ပုဏ္ဏား အိမ်ရှေ့သို့ ရောက်လာ လေ၏ ။
၁၀


ထိုအခါ.. ပုဏ္ဏား အိမ်မှ ဆွမ်းခံပြီး ထွက်လာသော ရှင်သာရိပုတ္တရာ နှင့် သပိတ် သယ်လာသော ပုဏ္ဏားတို့ကို တွေ့ကြလေသည်.. လူအုပ်ကြီးက ..
အရှင်ဘုရား.. ဒီပုဏ္ဏားယုတ်ကို ထား ခဲ့ပြီး အရှင်ဘုရားက သပိတ် ကို ယူကာ ကျောင်းသို့ ကြွ ပါ ဘုရား..
ဘာ အကြောင်းများ ရှိလို့ပါလဲ..
အရှင်ဘုရား ကို ဒီပုဏ္ဏားက ရိုက်တယ် ကြားလို့.. မခံ ချင် ဖြစ်ပြီး လိုက် လာတာပါ ဘုရား.. ဒီပုဏ္ဏားကို ဆုံးမဖို့ပါ..
Putet Comics
ဥပါသကာ တို့.. ဒီပုဏ္ဏားက သင်တို့ကို ရိုက်တာလား.. ငါ့ကို ရိုက်တာလား..

www.dhammaransi.com




အရှင်ဘုရား.. ဒီလို ရိုက်တဲ့ ပုဏ္ဏားရဲ့ ဆွမ်းကို ဘာလို့ အလှူခံလာ ရတာလဲ ဘုရား..
ငါ ခွင့်လွှတ် သည့် အတွက် ပုဏ္ဏား၌ အပြစ် မရှိပါ..
ဒီပုဏ္ဏားဟာ အရှင်ဘုရားလို သိက္ခာ ကြီးတဲ့ မထေရ်တစ်ပါးကို စော်ကားမှုတော့ကျူးလွန် ရဟန်းများ ကိုလည်း ရိုက်နှက် ဝံ့လေသည် မဟုတ်ပါ.. အရှင်ဘုရား ခွင့်မလွှတ် သင့်ပါ..
Putet Comics
ရှင်သာရိပုတ္တရာသည် နှုတ်ဆိတ်ကာ နေတော် မူလေ၏ ..

www.dhammaransi.com

